**FMI သည် Yoma Strategic နှင့်အတူ Yoma Central တွင် အစုရှယ်ယာပိုင်ဆိုင်မှုကို တိုးမြှင့်၍ ရန်ကုန်မြို့လယ်ရှိစီမံကိန်းအား အဆင့်ဆင့် ပြန်လည်စတင် အကောင်အထည်ဖော်မည်။**

**ရန်ကုန်မြို့၊ မြန်မာနိုင်ငံ၊ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၃ ရက်** – First Myanmar Investment Public Company Limited ("FMI") သည် ရန်ကုန်မြို့၏ အထင်ကရ ဘက်စုံအသုံးပြု ဖွံ့ဖြိုးရေး စီမံကိန်း (mixed-use development) ဖြစ်သော Yoma Central တွင် ၎င်း၏ ရင်းနှီးမြှုပ်နှံမှု အစုရှယ်ယာပိုင်ဆိုင်မှုကို ၁၂% မှ ၂၀% အထိ တိုးမြှင့်နိုင်မည့် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါစီမံကိန်းတွင် FMI ၏ ရေရှည် မိတ်ဖက်ဖြစ်သော Yoma Strategic Holdings Ltd. ("Yoma Strategic") သည် ကျန်ရှိသည့် အစုရှယ်ယာ ၈၀% ကို ဆက်လက် ပိုင်ဆိုင်သွားမည် ဖြစ်သည်။

အဆိုပါ သဘောတူစာချုပ်များအရ စီမံကိန်း၏ အခြားအစုရှယ်ယာရှင်များသည် ၎င်းတို့၏ အစုရှယ်ယာများကို FMI နှင့် Yoma Strategic ထံသို့ သက်ဆိုင်ရာ ပိုင်ဆိုင်မှုအချိုးအစားအရ စတိတန်ဖိုး (nominal amount) ဖြင့် လွှဲပြောင်းပေးသွားမည် ဖြစ်သည်။ ထို့အပြင် FMI နှင့် Yoma Strategic သည် စီမံကိန်း၏ လက်ရှိ Commercial Loans တို့အား လျှော့စျေး တန်ဖိုးဖြင့် ဝယ်ယူသွားမည် ဖြစ်သည်။

"ထိုသဘောတူစာချုပ်သည် Yoma Central စီမံကိန်း ပြန်လည်ရှေ့ဆက်နိုင်ရေးအတွက် အရေးပါသော မှတ်တိုင် တစ်ရပ် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ရေရှည်မိတ်ဖက်ဖြစ်သော Yoma Strategic နှင့်အတူ ဆောက်လုပ်ရေး လုပ်ငန်းများကို အဆင့်ဆင့် ပြန်လည်စတင်နိုင်ရန် မျှော်လင့်ထားပါသည်။ Yoma Central တွင် ကျွန်ုပ်တို့၏ အစုရှယ်ယာပိုင်ဆိုင်မှု တိုးမြှင့်ခြင်းသည် စီမံကိန်းအပေါ် ကျွန်ုပ်တို့၏ ယုံကြည်မှုနှင့် Yoma Group ၏ မြန်မာနိုင်ငံအပေါ် ထားရှိသည့် ရေရှည် ကတိကဝတ်ကို ထင်ဟပ်စေပါသည်။ ဤ ရလဒ်ကို ဖော်ဆောင်နိုင်ရန် နှစ်ပေါင်းများစွာ ပံ့ပိုးကူညီပေးခဲ့ကြသည့် ကျွန်ုပ်တို့၏ မိတ်ဖက်များနှင့် ချေးငွေပေးသူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်" ဟု FMI ၏ အမှုဆောင်အရာရှိချုပ်နှင့် အမှုဆောင်ဒါရိုက်တာ ဦးထွန်းထွန်းက ပြောကြားခဲ့သည်။

## စာချုပ်ပါ အဓိက သဘောတူညီမှုများ

FMI နှင့် Yoma Strategic တို့သည် Yoma Central စီမံကိန်းအား ဖော်ဆောင်လျက်ရှိသော Meeyahta Development Limited တွင် လက်ရှိမိတ်ဖက်များ ပိုင်ဆိုင်ထားသည့် စုစုပေါင်း အစုရှယ်ယာ ၄၀% ကို စတိတန်ဖိုးဖြင့် ဝယ်ယူရရှိမည် ဖြစ်သည်။ ဤဝယ်ယူမှုတွင် ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အစုရှယ်ယာရှင်မှ ချေးပေးငွေ အမေရိကန်ဒေါ်လာ ၁၀၆.၀ သန်းခန့်လည်း ပါဝင်မည်ဖြစ်သည်။

သဘောတူစာချုပ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် FMI နှင့် Yoma Strategic တို့သည် စီမံကိန်း၏ လက်ရှိ Commercial Loans တို့အား လျှော့စျေးတန်ဖိုးဖြင့် ဝယ်ယူမည်ဖြစ်ပြီး၊ အဆိုပါချေးငွေများသည် ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၆၁.၇ သန်းခန့် ရှိရာ အမေရိကန်ဒေါ်လာ ၅၅ သန်းဖြင့် ဝယ်ယူမည်ဖြစ်သည်။ FMI နှင့် Yoma Strategic တို့သည် အထက်ပါလုပ်ငန်းစဉ်၏ ကုန်ကျစရိတ်များနှင့် အကျိုးစီးပွားများကိုလည်း ၎င်းတို့၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုးဖြစ်သည့် ၂၀:၈၀ အတိုင်း ခွဲဝေတာဝန်ယူ/ခံစားမည် ဖြစ်သည်။

ဤသဘောတူစာချုပ်အား အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာအတည်ပြုချက်များနှင့် စာချုပ်ပါဖြည့်ဆည်းရန်များ ပြီးမြောက်ရန်လိုအပ်ပါသည်။ အသေးစိတ်အချက်အလက်များကို FMI မှ ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange) သို့ ထုတ်ပြန်ထားသော ကြေညာချက်တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။

**First Myanmar Investment Public Company Limited အကြောင်း** (www.fmi.com.mm)

First Myanmar Investment Public Company Limited (FMI) သည် အစုရှယ်ယာရှင်ပေါင်း ၈,၀၀၀ ကျော်ရှိသည့် မြန်မာနိုင်ငံ၏ အကြီးဆုံး အများပိုင်ကုမ္ပဏီများအနက် တစ်ခုဖြစ်ပြီး၊ ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ချိန်မှစ၍ အမြတ်အစွန်းရရှိမှုကို ဆက်တိုက် ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။ လက်ရှိတွင် FMI သည် အဓိက "မဏ္ဍိုင်လေးရပ်" ဖြစ်သည့် ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုကဏ္ဍ၊ အိမ်ရာဖော်ထုတ် တည်ဆောက်ရေးကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍနှင့် ခရီးသွားလာရေး ဝန်ဆောင်မှုကဏ္ဍ တို့တွင် မဟာဗျူဟာမြောက်ရင်းနှီးမြှုပ်နှံလျက်ရှိပါသည်။ FMI သည် ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ တွင် ရန်ကုန် စတော့ အိတ်ချိန်း (Yangon Stock Exchange) ၌ စတင်စာရင်းဝင်သည့် ပထမဆုံးကုမ္ပဏီအဖြစ် မှတ်တမ်းဝင်ခဲ့ပါသည်။